# ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်

**ALL BURMA FEDERATION OF STUDENT UNIONS**

## ဗကသများအဖွဲ့ချုပ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များနှင့်
## ဒီမိုကရေစီလိုလားသူအားလုံးသို့
## တိုက်တွန်းနှိုးဆော်လွှာ

ရက်စွဲ။ ။၄ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၂၁ခု။

လက်ရှိ စစ်အာဏာသိမ်းမှု ဖြစ်ရပ်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့၂၀၂၀ရွေးကောက်ပွဲ ရလဒ်ကို စစ်အုပ်စုက လက်မခံဘဲ စစ်အာဏာသိမ်းယူမှု ဖြစ်ပါတယ်။ စစ်အုပ်စုဟာ အာဏာစသိမ်းစဉ်တည်းက လက်ရှိအာဏာသိမ်းမှုဟာ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာထိန်းသိမ်းမှုဖြစ်ကြောင်း အစဉ်တစိုက်ပြောလာခဲ့ပေမယ့် ဒါဟာ သူတို့ချမှတ်ထားတဲ့ ဥပဒေကိုချိုးဖောက်ပြီး လုပ်ဆောင်တာ ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်တွေနဲ့ ပါတီလိုလားသူအားလုံး သိပြီးဖြစ်မယ်လို့ ယူဆပါတယ်။ နိုင်ငံတော်သမ္မတရုံးအမိန့်အမှတ်(၁/၂၀၂၁) ကြေညာချက်အရ ဗမာနိုင်ငံရဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေး အာဏာမဏ္ဍိုင်သုံးရပ်လုံးကို ဗိုလ်မင်းအောင်လှိုင်က ကိုင်ထားတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကစပြီး တည်ဆဲဥပဒေအားလုံးကို အချိန်မရွေးဖျက်ပစ်နိုင်ခွင့် ရှိပါတယ်။ ရှင်းအောင်ပြောရရင် စစ်အုပ်စုဟာ ဥပဒေရဲ့ပြင်ပမှာ တည်ရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့် စစ်အာဏာသိမ်းပြီးနောက်ပိုင်း အောက်ပါအချက်တွေ ဖြစ်ပေါ်လာနိုင်ပါတယ်။

### ပါတီဖျက်သိမ်းခံရနိုင်တယ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအပါအဝင် တခြားမြေပေါ်ပါတီအားလုံးကို စစ်အစိုးရက ဖျက်သိမ်းလိုက်နိုင်ပါတယ်။ နိုင်ငံတော်သမ္မတရုံး အမိန့်(အမိန့်၁/၂၀၂၁)ကြေညာချက်အရ မင်းအောင်လှိုင်လက်ထဲမှာ တရားစီရင်ရေး ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးက မဏ္ဍိုင်သုံးရပ်လုံး ရှိနေပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်သမ္မတတို့ကို ဖမ်းဆီးရုံးတင်စစ်ဆေးခံရတာဟာ ထင်သာမြင်သာရှိတဲ့ ဥပမာပါပဲ။

တည်ဆဲနိုင်ငံရေးပါတီအားလုံးကို ဖျက်သိမ်းပစ်နိုင်တဲ့ အာဏာဟာ မင်းအောင်လှိုင် လက်ထဲမှာ ရှိပါတယ်။ အခုငြိမ်နေရင် ပါတီတွေရဲ့ လှုပ်ရှားမှု မေးမှိန်လာတာနဲ့အမျှ ပါတီကိုဖျက်သိမ်းတဲ့အထိ ဦးတည်သွားနိုင်တယ်။

**ပြည့်သူ့ဆန္ဒလေးစားပါ**

ပြည်သူ့ဆန္ဒလေးစားပါ ဆိုတဲ့ ကြွေးကြော်သံကို ရန်သူစစ်အုပ်စုကိုသာ ပြောရမှာ မဟုတ်ဘူးလို့ ဗ.က.သမျှားအဖွဲ့ချုပ်က ယူဆပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင် တစ်ယောက်ချင်းဆီဟာ ကိုယ့်ကိုယ်ကိုယ်လည်း ပြည်သူ့ဆန္ဒလေးစားပါလို့ ပြန်ပြောနေရပါမယ်။ပြည်သူလူထုဟာ စစ်အုပ်စုကို ဆန့်ကျင်နိုင်တာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီပဲရှိတယ်လို့ ယုံကြည်ပြီး မဲထည့်ခဲ့ကြတာဖြစ်တယ်။ ပြည်သူလူထုက အားကိုးတကြီးမျှော်လင့်နေချိန်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်တွေနဲ့ ပါတီလိုလားသူတွေဟာ ယခုအခြေအနေအတိုင်းသာ ငြိမ်ခံကြမယ်ဆိုရင် လူထုရဲ့ လိုးလားချက် လူထုရဲ့ ဆန္ဒကို ပစ်ပယ်ရာ၊ မလေးစားရာရောက်တာကို သတိပြုဖို့လိုပါတယ်။

**စစ်အုပ်စုကို နိုင်ငံရေးထဲက အပြီးပိုင်ဖယ်ရှားနိုင်မှသာ ဒီမိုကရေစီစစ်စစ်ရမယ်။**

၂၀၂၀ ရွေးကောက်ပွဲရလဒ်ဟာ ပြည်သူအများစုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီကိုသာ ထောက်ခံနေသေးကြောင်း ပြသနေတဲ့ သက်သေတစ်ခုဖြစ်တာကို ဗ.ကသမျှားအဖွဲ့ချုပ်က လက်ခံပါတယ်။ စစ်အုပ်စုဟာ ရွေးကောက်ပွဲရလဒ်ကိုပစ်ပယ်ပြီးတော့ အာဏာသိမ်းလိုက်တာဖြစ်တယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ခေါင်းဆောင်တွေ၊ လွှတ်တော်အမတ်တွေကို အလွယ်တကူဖမ်းဆီးသွားတာ၊ ရုံးတင်စစ်ဆေးတာတွေဟာ စစ်အုပ်စုကို နိုင်ငံရေးအာဏာ စွက်ဖက်ခွင့်ပေးထားခဲ့မှုရဲ့ အကျိုးဆက်ဖြစ်တယ်။

ဗမာနိုင်ငံမှာ စစ်မှန်တဲ့ဒီမိုကရေစီကို ရှင်သန်စေချင်တယ်ဆိုရင် စစ်အုပ်စုကို နိုင်ငံရေးထဲက လုံးဝထွက်သွားသည်အထိ တိုက်ပွဲဝင်ဖို့လိုအပ်ပါတယ်။ ၂၀၀၈အခြေခံဥပဒေတစ်ရပ်လုံးကို မဖျက်သိမ်းရင်တောင် ၂၀၀၈အခြေခံဥပဒေ မှာ စစ်တပ်ကို အရပ်သား အစိုးရက စွက်ဖက်ခွင့်ပြုထားတဲ့ ဥပဒေ ပုဒ်မတွေကို အပြီးအပိုင်ဖြုတ်ချတဲ့အထိ စစ်တပ်ကို အရပ်သားအစိုးရ ချုပ်ကိုင်နိုင်တဲ့အထိတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်တွေနဲ့ ပါတီလိုလားသူတွေအားလုံးက တိုက်ပွဲကိုပါဝင်ရပါလိမ့်မယ်။ ဒါမှသာနောက်တစ်ကြိမ်မှာ အရပ်သားအစိုးရလက်ထဲက အာဏာကိုစစ်တပ်ကအလွယ်လေးသိမ်းလိုက်နိုင်တဲ့ဖြစ်ရပ်မျိုးကို ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်တွေနဲ့ ပါတီလိုလားသူတွေ၊ တခြားနိုင်ငံရေးပါတီတွေ၊ ဒီမိုကရေစီလိုလားသူအားလုံးဟာ လူထုနဲ့အတူ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ စစ်အုပ်စုတည်ရှိမှု အလုံးစုံဖျက်သိမ်းရေးတိုက်ပွဲကို မြေပြင်မှာ လက်တွေ့ဆင်နွှဲကြဖို့၊ မြေပြင်မှာ လက်တွေ့တိုက်ပွဲဝင်ကြမည့် ကျောင်းသားသမဂ္ဂများ၊ နိုင်ငံရေးအင်အားစုများအားလုံးကိုလည်း တတ်အားသရွေ့ ထောက်ခံအားပေးကူညီကြဖို့ ဗကသများအဖွဲ့ချုပ်က လေးလေးနက်နက် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

**ပြည်သူ့ဒီမိုကရေစီရေးတိုက်ပွဲ မုချအောင်ရမည်**

**တပ်မတော်အလင်းဝင်ပါ**

**စစ်အာဏာရှင်စနစ်မုချကျဆုံးရမည်**

**ဗဟိုအမှုဆောင်အဖွဲ့**

**ဗကသများအဖွဲ့ချုပ်**